
# HEPATITIS B (အသည်းရောင်အသားဝါ ဘီ ရောဂါ) အတွက် ကာကွယ်ဆေးထိုးသင့်ပါသလား။



Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) သည် အသည်းကို တိုက်ခိုက်ပြီး အသည်းကင်ဆာဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်တစ်မျိုး ဖြစ်သည်။

ကူးစက်ခံရသည့်အခါ ဖျားနာသလို ခံစားရခြင်း သို့မဟုတ် ဖျားနာနေပုံပေါက်ခြင်း မရှိသောကြောင့် လူအများသည် ကူးစက်ခံရမှန်း မသိကြ သော်လည်း ၎င်းက အခြားလူများအား ဗိုင်းရပ်စ်ကို ကူးစက်ပျံ့နှံ့စေနိုင်ပါသည်။

Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ကို ကြိုတင်ကာကွယ်ပေးနိုင်သည့် ဘေးကင်းပြီး ထိရောက်သော ကာကွယ်ဆေး တစ်မျိုး ရှိပါသည်။ ကာကွယ်မှု အပြည့်အဝ ရရန် ထိုးဆေးတွဲများကို အပြီးသတ်ထိုးနှံရမည်။

## Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) သည်

- ကလေးမွေးဖွားနေစဉ် ကိုယ်ဝန်ဆောင်မိခင်မှ ကလေးဆီသို့
- လိင်ပိုင်းဆိုင်ရာ ထိတွေ့ဆက်ဆံခြင်း
- ကူးစက်ထားသူထံမှ သွေးနှင့် ထိတွေ့ခြင်း
- သင်တုန်းဓား၊ သွားပွတ်တံ သို့မဟုတ် လက်သည်းညှပ်များ မျှဝေသုံးစွဲခြင်းတို့ဖြင့် ကူးစက်နိုင်ပါသည်

## ကာကွယ်ဆေးထိုးသင့်သူများ

- နို့စို့အရွယ်ကလေးငယ်များအားလုံး
- ဘေးအန္တရာယ်အကြောင်းအရာများနှင့်မဆိုင်ဘဲ ကာကွယ်ဆေးထိုးမထားသောကလေးများနှင့် အသက် 59 အရွယ်အထိလူကြီးများ
- အောက်ပါကဲ့သို့ ရောဂါဖြစ်နိုင်ခြေများသည့် အသက် 60 နှင့်အထက် လူကြီးများ
  - လိင်ပိုင်းဆိုင်ရာ ထိတွေ့ဆက်ဆံခြင်း
  - လိုးဖြတ်မှု သို့မဟုတ် သွေးနှင့်အတွင်းသားထိတွေ့မှု
  - Hepatitis B (အသည်းရောင်အသားဝါ ဘီ ရောဂါ) ကူးစက်မှု အတန်အသင့် သို့မဟုတ် မြင့်မားနေသည့် နယ်မြေများသို့ ခရီးသွားမှုများ
  - နာတာရှည် အသည်းရောဂါ သို့မဟုတ် HIV ကူးစက်မှု

### ပိုမိုသိရှိလိုပါက

**www.cdc.gov/hepatitis/hbv/**
**doh.wa.gov/hepbhub**

Hep B Hub
doh.wa.gov/hepbhub

Washington State Department of Health
DOH 420-407 May 2022 Burmese

ဤစာရွက်စာတမ်းကို ပုံစံနောက်တစ်မျိုးဖြင့် တောင်းဆိုရန် 1-800-525-0127 ကို ဖုန်းခေါ်ဆိုပါ။ နားမကြားသူ သို့မဟုတ် အကြားအာရုံချို့ယွင်းသူ ဖောက်သည်များအနေဖြင့် 711 (Washington Relay) ကို ခေါ်ဆိုပါ သို့မဟုတ် civil.rights@doh.wa.gov သို့ အီးမေးလ်ပို့ပါ။

Minnesota Department of Health (မီနီဆိုးတား ကျန်းမာရေးဌာန) ထံမှ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ရေးသားထားသည်